# ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥပဒေကို
# ပြင်ဆင်သည့် ဥပဒေ

# ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

[၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၁။]

## နိဒါန်း

ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့ အသီးသီးတို့၏ စစ်ဆေးတွေ့ရှိချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းတို့က အလေးထား အရေးယူဆောင်ရွက်စေရန်လည်းကောင်း၊ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အသီးသီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပိုမိုတိကျစေရန် လည်းကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လက်ရှိ ပုဒ်မ ၄၇ ပုဒ်မခွဲ (ခ) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်—

> (ခ) သက်ဆိုင်ရာ အဖွဲ့အစည်းတို့က မည်ကဲ့သို့ အရေးယူဆောင်ရွက်လျက်ရှိကြောင်းကို ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့သို့ ရက်ပေါင်း ခြောက်ဆယ်အတွင်း အကြောင်းပြန်ကြားရမည်။ အရေးယူဆောင်ရွက်ချက် မပြီးပြတ်သေးပါက ပြီးပြတ်သည်အထိ ရက်ပေါင်း ခြောက်ဆယ်လျှင်တကြိမ် တိုးတက်မှု အခြေအနေကို ဆက်လက်ပေးပို့ရမည်။

၃။ လက်ရှိပုဒ်မ ၆၄ အောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၆၄-က အဖြစ် ဖြည့်စွက်ရမည်—

၆၄-က။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအရ ဝန်ထမ်းများအား အရေးယူသည့်အခါတွင် ပဏာမစုံစမ်းမှုကို ပြန်လည်ပြုလုပ်ခြင်းမပြုပဲ လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်ကို စွဲချက်တင်ရန် အထောက်အထားတရပ်အဖြစ် မှတ်ယူ၍ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုကိုဆက်လက် ပြုလုပ်ရမည်။